
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

# ယေရှုသည် ကလေးငယ်များကို ချစ်သည် 4.10

## ရှင်မာကုခရစ်ဝင်ကျမ်း ၁၀း၁-၁၆

တစ်နေ့မှာ ယေရှုက ယော်ဒန်လို့ခေါ်တဲ့နေရာတစ်နေရာမှာ ဆုံးမသြဝါဒပေးနေတယ်။ လူအုပ်စုအကြီးကြီးက ယေရှုပြောတာကို ကြားရ ဖို့ နောက်တစ်ကြိမ် စုဝေးကြပြန်တယ်။ ယေရှုက ဒါကို ကြုံဖူးပြီးသားပါ။ ယေရှုက ဒီလူအုပ်စုကို ဆုံးမသြဝါဒပေးဖို့လည်း ဝမ်းမြောက် ပါတယ်။

ဖာရိုရှဲတွေကလည်း အဲမှာရှိနေကြတယ်။ သူတို့တွေဟာ ဘာသာရေးကိုင်းရှိုင်းတဲ့လူတွေဖြစ်ပြီး ယေရှုကို မကြိုက်ကြဘူး။ သူတို့က ယေရှုမဖြေနိုင်လောက်ဘူးထင်တဲ့ ခက်ခဲတဲ့မေးခွန်းတွေ ယေရှုကို မေးကြတယ်။ ဒါပေမယ့် ယေရှုက မေးခွန်းတိုင်းကို ဖြေပေးခဲ့တယ်။ ယေရှုရဲ့အဖြေတွေက အရမ်းရှင်းလွန်းတော့ သူတို့တွေက ယေရှုနဲ့ ငြင်းခုံလို့မရကြဘူး။ အဲဒါကြောင့် သူတို့က ယေရှုကို ပိုပြီးစိတ်ဆိုး ကြတယ်။

ယေရှုဆုံးမသြဝါဒပေးနေတဲ့အချိန်မှာ လူတွေအများကြီးက သူတို့ရဲ့ကလေးတွေကို ယေရှုရဲ့လက်တော်နဲ့တို့ထိစေချင်ကြတယ်။ ယေရှု က အရမ်းထူးခြားတဲ့လူဖြစ်တော့ အကယ်၍ယေရှုက သူတို့ကလေးတွေကို လက်တော်နဲ့တို့ထိရင် ကလေးတွေကောင်းကြီး ခံစားရ မယ်လို့ သူတို့သိကြတယ်။ ကလေးတွေရောဂါပျောက်ကင်းသွားနိုင်တယ်။ ကလေးတွေ တစ်ယောက်အပေါ်တစ်ယောက် ပိုမို ကြင်နာ လာနိုင်တယ်။ ကလေးတွေကောင်းတဲ့အသက်တာ ရှင်သန်ပြီးဘုရားကို ဆက်ကပ်နိုင်တယ်။ သူတို့ ဘာအကြောင်းပြချက်တွေကို စဥ်းစားနေပါစေ၊ လူအများကြီးက သူတို့ရဲ့ကလေးတွေကို ယေရှုဆီခေါ်လာကြတယ်။

တပည့်တော်တွေက ဒါဟာ ယေရှုရဲ့အချိန်ကိုဖြုန်းနေသလိုပဲလို့ ထင်ကြတယ်။ သူတို့ဟာ မိဘတွေကို ပြန်ခိုင်းပြီး သူတို့ရဲ့ ကလေးတွေ ကို ယေရှုဆီခေါ်လာပြီး ယေရှုကို မနှောင့်ယှက်ဖို့ ပြောကြတယ်။ ဒါပေမယ့် ယေရှုက ဒါကိုသတိထားမိတဲ့အချိန်မှာ သူ့ရဲ့တပည့်တော် တွေကို အမျက်ထွက်တော်မူတယ်။ ကလေးငယ်တွေကို သူ့ဆီ မလာအောင် တပည့်တော်တွေက တားဆီးတာဟာ မှားတယ်လို့ ယေရှုသိ တယ်။ ဒါကြောင့် ယေရှုက တပည့်တော်တွေကို "ထိုသူငယ်တို့ကို ငါ့ထံသို့လာပါ လေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏နိုင်ငံတော် သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏" လို့ပြောတယ်။ ကလေးလေးတွေဟာ အလွယ်တကူ ယုံကြည်တယ်၊ အားကိုးတယ်၊ ချစ်တတ် တယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ကို ကလေးငယ်လေးတစ်ယောက်လို မယုံကြည်လက်မခံဘူးဆိုရင် နိုင်ငံတော်ထဲကို ဘယ်တော့မှမဝင် ရလို့ ယေရှုက သူတို့ကိုပြောတယ်။ တပည့်တော်တွေဟာ ယေရှု မှန်တဲ့စကားကို ပြောတယ်ဆိုတာသိတယ်၊ အဲဒါကြောင့် သူတို့နောက် ဆုတ်ပြီး ကလေးငယ်တွေကို ယေရှုဆီ သွားဖို့ ခွင့်ပြုခဲ့တယ်။

အဲဒါကြောင့် ယေရှုက ဆက်လက်ပြီးကလေးငယ်လေးတွေကို သူ့ဆီလာဖို့ကြိုဆိုနေခဲ့တယ်။ အမေ ဒါမှမဟုတ် အဖေတစ် ယောက်လို မျိုး၊ ဒါမှမဟုတ် အဘွားတစ်ယောက်လို အဘိုးတစ်ယောက်လိုမျိုး သူ့ရဲ့လက်တော်ထဲမှာ ကလေးငယ်လေး တွေကို ယေရှုချီပိုက်ခဲ့တယ်။ သူတို့ကို ထွေးပွေ့ပြီး သူတို့ကို ဘယ်လောက်ချစ်ကြောင်းကို ပြသခဲ့တယ်။ နောက်ပြီး သူ့ရဲ့ လက်တော်ကို သူတို့အပေါ်မှာတင်ပြီး ကောင်းကြီးပေးခဲ့တယ်။ အဲ့ဒါဟာ ကလေးတွေအတွက်ရော သူတို့မိဘတွေအတွက်ပါ အရမ်းထူးခြားတဲ့အခိုက်အတန့်လေးဖြစ်ခဲ့မှာပဲ နော်။

ယေရှုက ကလေးငယ်တွေကိုချစ်တယ်။ ယေရှုက သင့်ကိုချစ်တယ်။

## ယေရှုသည် ကလေးငယ်များကို ချစ်သည် - ဆရာလမ်းညွှန် 4.10

## ရှင်မာကုခရစ်ဝင်ကျမ်း ၁၀း၁-၁၆

### အဓိကအချက်များ

1) ယေရှုက လူအုပ်စုတွေအများကြီးကို နောက်တစ်ကြိမ်ဆုံးမသြဝါဒပေးနေတယ်။ ယေရှုဟာ အရမ်းအရေးကြီးတဲ့အရာတွေကို သူတို့ကိုပြောမယ်ဆိုတာသူတို့သိတယ်။ ယေရှုသူတို့ကို ဘာသင်ပြမလဲဆိုတာကို သင်ယူဖို့စိတ်အားထက်သန်ကြတယ်။ ဒါပေမယ့် ယေရှုလုပ်နေတဲ့အရာကို သဘောမတူတဲ့သူတစ်ချို့လည်းရှိနေတယ်။ သူတို့ဟာ ဖာရိရှဲ လို့ခေါ်တဲ့ဘာသာရေးဆရာတွေဖြစ်တယ်။ သူတို့ဟာ ယေရှုမဖြေနိုင်ဘူးထင်တဲ့ မေးခွန်းတွေကို ယေရှုကို မေးချင်ကြတယ်။ ဖာရိရှဲတွေက သူတို့ကိုယ်သူတို့ ယေရှုထက် ပိုတော်ကြတယ်၊ ပိုကောင်းကြတယ်လို့ ထင်ကြတယ်။

2) မိဘတွေက သူတို့ကလေးတွေကို ယေရှုဆီခေါ်လာပြီး သူတို့ကို ယေရှုရဲ့ကောင်းကြီးပေးတာခံစေချင်ကြတယ်။ ဒါဟာ မိဘတွေ အတွက် အရမ်းအရေးကြီးတဲ့အရာတစ်ခုဖြစ်တယ်။ ကလေးငယ်တွေ အများကြီးရှိခဲ့ကြမှာပဲနော်။ ယေရှုက သူတို့အားလုံးကို ကောင်းကြီးပေးနိုင်မှာလား? ဒါပေါ့။ ဒါကယေရှုလုပ်ချင်တဲ့အရာပဲ။

3) တပည့်တော်တွေက ကလေးငယ်တွေကို ယေရှုထံမခေါ်သွားဖို့ မိဘတွေကို ကြိုးစားပြီးတားကြတယ်။ ယေရှုက တပည့်တော် တွေကို ဒေါသထွက်သွားတယ်။ ကလေးငယ်တွေကို သူ့ဆီလာခွင့်ပြုဖို့ တပည့်တော်တွေကို ပြောခဲ့တယ်။ ဘုရားသခင်ရဲ့ နိုင်ငံ တော်ကိုဝင်ဖို့ လူတိုင်းဟာ ကလေးငယ်လေးတစ်ယောက်လိုဖြစ်ရမယ်လို့ ယေရှုပြောခဲ့တယ်။

### မေးခွန်းများ

1) ဘယ်သူတွေက ယေရှုပြောတာကို သဘောမတူကြဘူးလဲ?
2) မိဘတွေက ဘာလုပ်ချင်ကြလဲ?
3) တပည့်တော်တွေက ဘာလုပ်ကြလဲ?
4) ယေရှုက တပည့်တော်တွေကို ဘာပြောခဲ့လဲ?
5) ယေရှု ဘာလုပ်ခဲ့လဲ?

### အဖြေများ

1) ဖာရိရှဲတွေက ယေရှုပြောတာကို သဘောမတူကြဘူး။
2) မိဘတွေက သူတို့ကလေးတွေကို ယေရှုဆီခေါ်လာချင်ကြတယ်။
3) မိဘတွေက သူတို့ကလေးတွေကို ယေရှုဆီခေါ်လာတာကို တပည့်တော်တွေက ကြိုးစားပြီးတားကြတယ်။
4) ယေရှုက ကလေးတွေကို သူ့ဆီလာခွင့်ပြုဖို့ တပည့်တော်တွေကိုပြောခဲ့တယ်။
5) ယေရှုက ကလေးတွေကို ချီပိုက်ပြီးကောင်းကြီးပေးခဲ့တယ်။


Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org